မတ်လ 6 ရက်၊ 2025

# DCSD ၏ တစ်နှစ်တာ အကောင်းဆုံးသော ပညာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု ကျွမ်းကျင်ပညာရှင် I ဆု၏ သက်ရောက်မှုသည် John R. Lewis မူလတန်းကျောင်းထက်ပင် ကျော်လွန်သွားခဲ့

John R. Lewis မူလတန်းကျောင်း၏ စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ လက်ထောက်တစ်ဦးဖြစ်သူ Nicole Jones သည် ယခင် စာကြည့်တိုက် မီဒီယာ လက်ထောက်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကတည်းကပင် သူမသည် ကျောင်းခရိုင်အတွက် ဒီထက်မက တာဝန်ထမ်းဆောင်ပေးနိုင်ကြောင်း သိရှိနားလည်ခဲ့သည်။ DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) အတွက် တာဝန်ထမ်းဆောင်ဖို့ အခွင့်အရေး ရရှိလာသည့်အခါ၌ သူမသည် ဤသည်မှာ စာသင်ကျောင်း ရပ်ရွာအဖွဲ့အစည်းအတွက် တာဝန်များ ပိုမိုထမ်းဆောင်ပေးဖို့ရန် သူမ၏ အခွင့်အရေးဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့သည်။

"ရာထူးလစ်လပ်နေရာကို ကြေငြာထားတာ တွေ့လိုက်ရချိန်တုံးက ဒီဟာက ကျွန်မအတွက် နည်းလမ်းသစ်တစ်မျိုးနဲ့ ထည့်ဝင်ပါဝင်ဆောင်ရွက်ဖို့ ပြီးပြည့်စုံတဲ့ အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း ကျွန်မ ချက်ချင်း သတိပြုမိတယ်၊ ပြီးတော့ ဒီအရာဟာ ကျွန်မအတွက် အံဝင်သင့်တော်တဲ့အရာဖြစ်ကြောင်းကိုလည်း သိရှိလိုက်တယ်၊" ဟု Ms. Jones မှ ဆိုသည်။

သူမသည် ခရိုင်အတွက် တာဝန်ထမ်းဆောင်လျက်ရှိသည်မှာ ခြောက်နှစ်သာ ရှိသေးသော်လည်း သူမသည် John R. Lewis မူလတန်းကျောင်း ရပ်ရွာအဖွဲ့အစည်းအတွက် လုံလောက်စွာသော သက်ရောက်မှုများကို ပြုလုပ်ပေးနိုင်ခဲ့ပြီး၊ စာသင်ကျောင်း၏ 2024-2025 ပညာသင်နှစ်အတွက် တစ်နှစ်တာအကောင်းဆုံးသော ပညာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု ကျွမ်းကျင်ပညာရှင် I (*ESPOTY I*) အဖြစ်သာမက DCSD ၏ ESPOTY I အဖြစ်ပါ ရွေးချယ်ခံခဲ့ရသူ ဖြစ်သည်။ သူမသည် ခရိုင်၏ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် *11 ကြိမ်မြောက် နှစ်စဉ် ပညာရေးဆိုင်ရာ အကောင်းဆုံး အကယ်ဒမီဆု ဂါလာပွဲ*၌လည်း ဂုဏ်သရေရှိလှသော ဂုဏ်ပြုဆုကို လက်ခံရရှိခဲ့သည်။ သူမ၏ အဆိုအရမှု ESPOTY I အဖြစ် အသိအမှတ်ပြုခံရခြင်းသည် ကျောင်းသားများနှင့် ဆရာ၊ဆရာမများအား ပံ့ပိုးထောက်ပံ့ပေးရန် သူမ၏ ကြိုးပမ်းအားထုတ်မှုနှင့် နှစ်မြှုပ်ဆောင်ရွက်မှုများတို့ကို လူအများမှ သတိပြုမိကြောင်း အတည်ပြုပေးခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

"ခရိုင်အတွက် ကိုယ်စားပြုပေးခွင့်ရတာကို ကျွန်မ ဂုဏ်ယူမိပါတယ်၊ ပြီးတော့ နေ့စဉ်ဆိုသလို အပြုသဘော သက်ရောက်မှုတွေ ဆက်လက်ပြုလုပ်သွားဖို့ ကျွန်မ ကတိကဝတ်ပြုပါတယ်၊" ဟု Ms. Jones မှ ပြောကြားခဲ့သည်။ "ပံ့ပိုးထောက်ပံ့ပေးတဲ့ ဝန်ထမ်းတွေရဲ့ ထည့်ဝင်ဆောင်ရွက်မှုတွေကို တန်ဖိုးထားတဲ့ ခရိုင်တစ်ခုမှာ တစ်စိတ်တစ်ပိုင်း ပါဝင်ခွင့်ရတာကို ကျွန်မ ကျေးဇူးတင်မိပါတယ်၊ ပြီးတော့ ကျွန်မအနီးအနားမှာ ရှိနေတဲ့သူတွေအတွက် ဆက်လက် တာဝန်ထမ်းဆောင်ပေးသွားဖို့၊ တိုက်တွန်းလှုံ့ဆော်ပေးနိုင်ဖို့ ကျွန်မ မျှော်လင့်မိပါတယ်။"

Ms. Jones သည် အသက် 15 နှစ် အရွယ်၌ပင် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ လက်ထောက်အဖြစ် ပထမဆုံး ဖြစ်လာခဲ့သည်။ သူမသည် အဆိုပါကဏ္ဍတွင် 10 နှစ်ကြာ ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အတွေ့အကြုံများ ပိုမို ရရှိလာကာ သူမ၏ ကျွမ်းကျင်မှုအရည်အချင်းများကို အရောင်တင်နိုင်ခဲ့သည်။ ကျောင်းအုပ် Dr. Renita McMillan ၏ အဆိုအရမှု သူမ၏ ဗဟုသုတကြွယ်ဝမှုနှင့် ကျွမ်းကျင်မှုအရည်အချင်းများတို့သည် သူမအား John R. Lewis မူလတန်းကျောင်း၏ တန်ဖိုးရှိလှသော ဂုဏ်ယူစရာတစ်ခုဖြစ်လာစေခဲ့ကြောင်း ပြောကြားခဲ့သည်။

"Ms. Jones ဟာဆိုရင် John R. Lewis မူလတန်းကျောင်းအတွက်တော့ တကယ့်ကို နလုံးအချက်အချာတစ်ခုပဲ ဖြစ်ပါတယ်။ သူမက တာဝန်ကျေပွန်တာထက်တောင် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ကျွန်ုပ်တို့ရဲ့ ကျောင်းသားတွေ၊ ဆရာ၊ဆရာမတွေနဲ့ စီမံအုပ်ချုပ်ရေးအဖွဲ့တွေ သူတို့ လိုအပ်တဲ့ ပံ့ပိုးထောက်ပံ့မှုတွေ ရရှိစေဖို့ သေချာအောင် ဆောင်ရွက်ပေးခဲ့သူ ဖြစ်ပါတယ်၊" ဟု Dr. McMillan မှ ဖွင့်ဟပြောကြားခဲ့သည်။ "အရှေ့ရုံးခန်းမှာ ကူညီထောက်ပံ့ပေးတဲ့အခါမှာဖြစ်စေ၊ ကျောင်းသားတွေအတွက် တိုက်တွန်းအားပေးမှုကို ထောက်ပံ့ပေးတဲ့အခါမှာပဲဖြစ်စေ ဒါမှမဟုတ် ရပ်ရွာအဖွဲ့အစည်းက ရရှိတဲ့ အရင်းအမြစ်တွေကို စီမံဆောင်ရွက်ပေးတဲ့အခါမှာဖြစ်စေ Ms. Jones ဟာဆိုရင် ရက်ရောတဲ့စိတ်ဓာတ်နဲ့အတူ အစွမ်းကုန် အကောင်းဆုံး အားထုတ်ဆောင်ရွက်ပေးခဲ့သူ ဖြစ်ပါတယ်။"

Ms. Jones သည် ကျောင်းချိန်ကျော်လွန်သွားသည့်တိုင်၊ ထို့ပြင် ပိတ်ရက်များ၌ပင်လျှင် ကျောင်းသားများအတွက် ရှိနေပေးဖို့ရန် နှင့် ကျောင်းသားများအား ပံ့ပိုးထောက်ပံ့ပေးဖို့ရန် နှစ်မြှုပ်ထားသူ ဖြစ်သည်။

"ကျောင်းသားတွေက သူမကို အရမ်း ချစ်ခင်နှစ်သက်ကြပါတယ်၊ ဒီလို ချစ်ခင်နှစ်သက်ရတဲ့ အကြောင်းအရင်းကလည်း ထင်ရှားပါတယ်၊" ဟု Dr. McMillan မှ ဆိုသည်။ "သူက ကျောင်းသားတွေကို မျက်စိအောက်ကြည့်ရှုပေးနေကြောင်း၊ တန်ဖိုးထားခံရကြောင်း၊ ပြီးတော့ တစ်နည်းနည်းနဲ့ ထောက်ပံ့ပေးနေကြောင်း ခံစားချက်မျိုး ရရှိစေဖို့ ဆောင်ရွက်ပေးနိုင်သူ ဖြစ်ပါတယ်။ သူမလို လူမျိုးက တော်တော်ရှားပါတယ်။"

Ms. Jones သည် သူမ၏ သက်မွေးဝမ်းကျောင်းနှင့် တစ်ကိုယ်ရေဘဝ၌ Dr. McMillan ၏ သက်ရောက်စွမ်းဆောင်ပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

"ကျွန်မအတွက် ကျွန်မရဲ့ မိဘတွေက ထည့်သွင်းသင်ပြပေးခဲ့ တန်ဖိုးတွေနဲ့အတူ သူမရဲ့ အသိပညာနဲ့ လမ်းညွှန်ပေးမှုတွေဟာ တကယ်ကို တန်ဖိုးမဖြတ်နိုင်တဲ့အရာတွေ ဖြစ်ပါတယ်၊" ဟု သူမမှ ဆိုသည်။ "သူမက အိမ်လိုမျိုး ခံစားချက် ရရှိအောင် ဖန်တီးပေးခဲ့တဲ့အပြင် သူမရဲ့ နေ့စဉ် ခေါင်းဆောင်မှုနဲ့ ပံ့ပိုးထောက်ပံ့မှုတွေကိုလည်း တကယ်ကို နက်နက်ရှိုင်းရှိုင်း ကျေးဇူးတင်မိပါတယ်။"

Ms. Jones သည် ခရိုင်၏ ESPOTY I အဖြစ် ဂုဏ်ပြုချီးမြှင့်ခံရသည်နှင့်အညီ သူမသည် ဆက်လက်ပြီး လုပ်ငန်းကျွမ်းကျင်မှုပိုင်း တိုးတက်လာဖို့ရန်၊ သူမ၏ ရပ်ရွာအဖွဲ့အစည်းအတွက် တာဝန်ထမ်းဆောင်သွားဖို့ရန် နှင့် သူမ၏ ကျောင်းသားများအတွက် အပြုသဘောဆောင်သော စံပြတစ်ဦးအဖြစ် ရှိနေဖို့ရန် ဆက်လက် အာရုံပြု ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ပါသည်။

XXX